# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုယဉ်ကျေးမှုကောင်စီအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု ယဉ်ကျေးမှုကောင်စီအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ ကောင်စီတခုဖွဲ့စည်းကာည်ထောင်ရမည်။ ထိုကောင်စီကို ပြည်ထောင်စုယဉ်ကျေးမှုကောင်စီဟု ခေါ်ရမည်။ ထိုကောင်စီ၌ အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ပြည်ထောင်စုယဉ်ကျေးမှုဌာနဝန်ကြီး၊

(ခ) နိုင်ငံတော်သမတ က ခန့်ထားမည့်အခြားပုဂ္ဂိုလ်ကိုးဦး။

၃။ ။ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးသည်၊ ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍၊ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနအတွင်းဝန်သည်၊ သို့တည်းမဟုတ် ဒုတိယအတွင်းဝန်သည်၊ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

၄။ ။ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းသည်၊ နိုင်ငံတော်သမတ က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၅။ ။အစိုးရအရာရှိမဟုတ်သော ကောင်စီလူကြီးများကို၊ နိုင်ငံတော်သမတ က သတ်မှတ်သည့်စရိတ်နှင့် အခကြေးငွေများပေးရမည်။

၆။ ။ကောင်စီသည်၊ ပူးတွဲဆောင်ရွက်ရန် ငါးယောက်ထက်မများသော သင့်တော်သည့်ပုဂ္ဂိုလ်များကို သာမန်၊ သို့တည်းမဟုတ် အထူးကိစ္စအတွက် ခန့်ထားနိုင်သည်။

၇။ ။ကောင်စီသည်၊ လိုအပ်သော ကော်မီတီများကို သာမန်၊ သို့တည်းမဟုတ် အထူးကိစ္စအတွက်ခန့်ထားနိုင်သည်။ ထိုကဲ့သို့ ခန့်ထားသောကော်မီတီသည်၊ ကောင်စီ၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံလျက်၊ မိမိတို့အား လွှဲအပ်သည့် ကောင်စီတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

၈။ ။အစည်းအဝေးတိုင်း၌ လူကြီးငါးဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

၉။ ။ကောင်စီဥက္ကဋ္ဌသည်၊ အစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်သောအခါ၊ တက်ရောက်သောလူကြီးများသည်၊ မိမိတို့အထဲမှတဦးကို အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရန်တင်မြှောက်ရမည်။

အဘိုး—၁၀ ပြား]

၁၀။ ။ကောင်စီသည်၊မိမိတာဝန်ဝတ္တရားများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန်အတွက်၊ မိမိသင့်သည်ထင်မြင်သည့် ပုဂ္ဂိုလ်များကို ကောင်စီတွင်ဘိတ်ခေါ်ဆွေးနွေးနိုင်သည်။

၁၁။ ။မြည်ထောင်စုယဉ်ကျေးမှုနှင့် စပ်လျဉ်းသောကိစ္စအဝဝကို စဉ်းစား၍ နိုင်ငံတော်အစိုးရသို့ အကြံဥာဏ်ပေးခြင်းနှင့် ယဉ်ကျေးမှုစီမံကိန်းများကိုပြုလုပ်၍ အစိုးရသို့တင်ပြခြင်းသည်၊ ကောင်စီ၏တာဝန်ဝတ္တရားဖြစ်ရမည်။

၁၂။ ။ကောင်စီသည်၊ အနည်းဆုံး တလတကြိမ်စည်းဝေးရမည်။

၁၃။ ။(၁) ကောင်စီအား မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်စေရန်အတွက်၊ နိုင်ငံတော်အစိုးရသည် မိမိသင့်သည် ထင်မြင်သည့် ငွေများကို ကောင်စီသို့ထုတ်ပေးနိုင်သည်။

(၂) ကောင်စီသည်၊ ပြည်ထောင်စုယဉ်ကျေးမှု ကောင်စီရံပုံငွေဟု ခေါ်တွင်သည့် ရံပုံငွေတရပ်ကိုထားရှိရမည်။ ထိုရံပုံငွေသို့၊ နိုင်ငံတော်အစိုးရထံမှရရှိသော ငွေအားလုံးကိုထည့်သွင်းရမည်။

၁၄။ ။ကောင်စီသည်၊ထိုရံပုံငွေကို ပြည်ထောင်စုယဉ်ကျေးမှုနှင့် စပ်လျဉ်းသောကိစ္စအဝဝအတွက် သုံးစွဲနိုင်သည်။

၁၅။ ။ကောင်စီသည်၊ မိမိ၏ငွေများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၌ဖြစ်စေ၊ နိုင်ငံတော်သမ္မတ က သဘောတူညီသည့်အခြားဘဏ်တခု၌ဖြစ်စေ၊အပ်နှံထားရမည်။

၁၆။ ။(၁) ကောင်စီသည် ဘဏ္ဍာတော်နှစ် အသီးသီးမကုန်မီ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကိုနိုင်ငံတော်သမတထံခွင့်ပြုချက်ရရန် တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေ ငွေစာရင်းကိုပြင်သည့် နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းများကို အခါအားလျော်စွာ ထိုနည်းအတူ တင်သွင်းနိုင်သည်။

သို့ရာတွင် ကောင်စီသည်၊ မိမိအလုပ်စတင်လုပ်ကိုင်သည့် ပဌမနှစ်နှင့်ပတ်သက်၍၊ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက်မှ ထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့် အထိကာလအပိုင်းအခြားအတွက် ရ-သုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်သမတထံ လျင်မြန်နိုင်သမျှလျင်မြန်စွာတင်သွင်းရမည်။

(၂) ဤပုဒ်မအရခွင့်ပြုသည့် ရ-သုံးမှန်းခြေ ငွေစာရင်းသက်ပို၍ ကောင်စီက အကုန်အကျမခံရ။

၁၇။ ။(၁) ကောင်စီ၏ငွေစာရင်းများကို နိုင်ငံတော်သမတ က ဆင့်ဆိုသည့် ကာလအပိုင်းအခြားအတွက် ညွှန်ကြားသည့်အချိန်တွင် ကောင်စီက နိုင်ငံတော်သမတထံပေးပို့ရမည်။

(၂) ကောင်စီသည်၊ ရပုံငွေစာရင်းများကို နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့်ပုံစံအတိုင်း ထားရှိရမည်။

(၃) ကောင်စီ၏ ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။ ထိုငွေစာရင်းများနှင့်ပတ်သက်သည့်နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုနိုင်ငံတော်သမတထံတင်သွင်းရမည်။

၁၈။ ။နိုင်ငံတော်သမတသည်၊ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အတွက် နည်းဥပဒေများပြုနိုင်သည်။

၁၉။ ။နိုင်ငံတော်သမတ ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံလျက် ကောင်စီသည် အောက်ပါကိစ္စအားလုံးအတွက်ဖြစ်စေ၊ကိစ္စတခုခုအတွက်ဖြစ်စေ၊ဤအက်ဥပဒေနှင့်အညီဖြစ်သော စည်းကမ်းဥပဒေများပြုနိုင်သည်။

(က) ကောင်စီ၏မှုခင်းကိစ္စဆောင်ရွက်ခြင်းနှင့် ကောင်စီအစည်းအဝေးများတွင် လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

(ခ) ပုဒ်မ ၇ အရ၊ ကောင်စီက ကော်မီတီများသို့ တာဝန်ဝတ်တရားများလွှဲအပ်ခြင်း။

၂၀။ ။ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုသည့်၊ သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့် ပြုမှုတခုခုနှင့်စပ်လျဉ်း၍ကောင်စီအား၊ သို့တည်းမဟုတ် ကော်မီတီအား၊ သို့တည်းမဟုတ် ကောင်စီလူကြီးတဦးဦးအား၊ သို့တည်းမဟုတ် ကော်မီတီလူကြီးတဦးဦးအား တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၁။ ။ဤအက်ဥပဒေဖြင့်ကောင်စီအား ပေးထားသည့်တာဝန်ဝတ်တရားတခုခုကို ကောင်စီကဆောင်ရွက်ရန်ပျက်ကွက်သည်ဟု နိုင်ငံတော်သမတက မည်သည့်အချိန်မဆို ထင်မြင်သဘောရလျှင်၊ နိုင်ငံတော်သမတသည်၊ ကောင်စီကို ဖျက်သိမ်းနိုင်သည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၁၉၊ တရားရေးဝန်ကြီးဌာန၊ ၃၀-၄-၅၄—၂,၀၀၀—၂။